# လက်တွဲဆောင်ရွက်မှုဆိုင်ရာ အခြေခံ စည်းမျဉ်းများ (Principles of Partnership)
# သန္နိဋ္ဌာန်ချမှတ်မှု ကြေညာချက် (A Statement of Commitment)

*Endorsed by the Global Humanitarian Platform, 12 July 2007*

၂၀၀၆ ခုနှစ် ဇူလိုင်လတွင် စတင် တည်ထောင်ခဲ့သည့် The *Global Humanitarian Platform* သည် ကုလသမဂ္ဂနှင့် ကုလသမဂ္ဂ မဟုတ်သည့် အခြား လူသားချင်းစာနာမှု ကူညီရေး အဖွဲ့အစည်းများ အား လုပ်ငန်းဆောင်ရွက်မှု အဆင့် တန်းတူညီတူ ဖြစ်အောင် ဆောင်ကျဉ်းပေးခဲ့ပါသည်။

→ စောင့်ထိန်းရမည့် ကျင့်ဝတ် နှင့် ကျွန်ုပ်တို့ တာဝန် ယူထားသည့် ပြည်သူတို့အပေါ် တာဝန်ခံမှု တို့အပေါ် အခြေခံကာ၊ လူသားချင်း စာနာမှု လုပ်ငန်း ပိုမို ထိရောက် ရန် ကြိုးပမ်း၍လည်းကောင်း၊
→ လူသားချင်း စာနာမှု လုပ်ငန်း အသီးသီး ၏ သဘောသဘာဝ များ မတူခြားနားမှုများကို အဖိုးတန်သည့် အချက် တစ်ခုအဖြစ် အသိအမှတ်ပြု၍လည်းကောင်း၊
→ ထိရောက်သော လက်တွဲဆောင်ရွက်ရေးလုပ်ငန်းကို တည်ဆောက် ပျိုးထောင်ပေးရန် သန္နိဋ္ဌာန်တို့ဖြင့်လည်းကောင်း

… **Global Humanitarian Platform** တွင် ပါဝင် လုပ်ရှားနေကြသော အဖွဲ့အစည်းတို့သည် အောက်ပါ စည်းမျဉ်းများ အခြေခံကာ လက်တွဲ ဆောင်ရွက်ရန် သဘောတူကြပါသည်။

- **တန်းတူ အခွင့်အရေး Equality**

တန်းတူ အခွင့်အရေး ရရှိရန် အတွက် လက်တွဲဆောင်ရွက်ရာမှာ ပါဝင်သူတို့သည် အရွယ်အစား၊ အင်အား ကြီးငယ်မဟူ အချင်းချင်း လေးစားမှု ရှိရန် လိုပါသည်။ ပါဝင်ဆောင်ရွက်သူတို့သည် အချင်းချင်းတို့၏ အမိန့်စည်းကမ်းများ၊ လိုက်နာရန်များ နှင့် သီးခြား လွတ်လပ်မှု တို့ကို လေးစားရန် လိုသကဲ့သို့ သူတို့၏ အကန့်အသတ်များ နှင့် သန္နိဋ္ဌာန်များ ကိုလည်း အသိအမှတ်ပြုရမည် ဖြစ်ပါသည်။ အချင်းချင်း လေးစားမှု ရှိခြင်း ဆိုရာတွင် အဖွဲ့အစည်းများ အတွင်း အပြုသဘောဆောင်သည့် သဘောထား မတူညီမှု ရှိခြင်းကို လက်ခံနိုင် ရမည်ဖြစ်ပါသည်။

- **ထင်သာ မြင်သာ ရှိမှု Transparency**

တန်းတူ ပြောဆို ဆွေးနွေးခွင့် ရှိမှသာလျှင် ပွင့်လင်းမှု ထင်သာ မြင်သာ ရှိမှုများ ပေါ်ပေါက်နိုင်မည်။ ထိုသို့ ဖြစ်ပေါ် စေရန် စောစီးစွာ တိုင်ပင် ဆွေးနွေး မှုများ၊ ဆောလျင်စွာ အချက်အလက် ဖလှယ် ဝေမျှမှုများကို အထူး အလေးပေး လုပ်ဆောင် ရမည်။ ဆက်သွယ် ဆက်ဆံမှုများ နှင့် ငွေကြေးဆိုင်ရာ ပွင့်လင်းမှု အပါအဝင် ထင်သာမြင်သာ ရှိခြင်းဖြင့် အဖွဲ့အစည်းများ ကြား ယုံကြည်မှု ပိုမို တိုးတက် လာမည် ဖြစ်သည်။

- **ရလဒ် ရှေးရှု ချဉ်းကပ်မှု Result-oriented approach**

ထိရောက်သည့် လူသားချင်းစာနာမှု လှုပ်ရှားမှု တစ်ခု ဖြစ်ရန် ပကတိအခြေအနေကို အခြေခံရမည်၊ လှုပ်ရှားမှု ရှေးရှု ရမည် ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်နိုင်ရန် ထိရောက်သော စွမ်းဆောင်ရည်နှင့် ခိုင်မာ သော လုပ်ငန်း အင်အား တို့ကို အခြေခံသည့် ရလဒ်ရှေးရှု ညှိနှိုင်း ဆောင်ရွက်မှု ပြုလုပ်ရန် လိုပါသည်။

- **တာဝန် ဝတ္တရား Responsibility**

လူသားချင်းစာနာမှု အဖွဲ့အစည်းများ အနေနှင့် မိမိတို့၏ လုပ်ငန်းတို့ကို တာဝန်သိစွာ၊ သိက္ခာ ရှိစွာ နှင့် ဆီလျော် ထိုက်သင့်သည့် နည်းဖြင့် ဆောင်ရွက် ပြီးမြောက်နိုင်ရန် တစ်ဖွဲ့နှင့် တစ်ဖွဲ့ စောင့်ထိန်းရမည့် ကျင့်ဝတ်ဆိုင်ရာ တာဝန် တို့ရှိပါသည်။ လှုပ်ရှားမှုတစ်ခုကို ဆောင်ရွက်ရန် သန္နိဋ္ဌာန်ချသည့်အခါ ထိုလှုပ်ရှားမှု ကို အကောင်အထည် ဖော်နိုင်မည့် ငွေကြေး၊ ကျွမ်းကျင်မှု၊ အတတ်ပညာ နှင့် လုပ်နိုင်သည့် အင်အား ရှိမှသာ သန္နိဋ္ဌာန် ချ ဆောင်ရွက် သင့်သည်။ လူသားချင်းစာနာမှု ဝန်ထမ်းများမှ မသမာမှုများ ကျူးလွန်ပါက တိကျ ပြတ်သားပြီး ခိုင်မာသည့် တားဆီး ကာကွယ်မှု များ ပြုလုပ်ရန်လည်း အမြဲတစေ ကြိုးပမ်းနေရမည် ဖြစ်ပါသည်။

- **လိုက်ဖက်ဖြည့်စွက်နိုင်မှု Complementarity**

မိမိတို့၏ အားသာချက်များအပေါ် အခြေပြုကာ တစ်ဖွဲ့နှင့် တစ်ဖွဲ့တို့၏ ထည့်ဝင်မှုတို့အပေါ် လိုက်ဖက်အောင် ဖြည့်စွက်နိုင်လျှင်၊ လူသားချင်းစာနာမှု အဖွဲ့အစည်း၏ လုပ်ငန်းသဘောသဘာဝများ မတူညီကွဲပြားခြင်းမှာ အဖိုးတန် သော အချက် တစ်ခုဖြစ်လာမည်။ ဒေသခံ အင်အားမှာလည်း ကောင်းသထက် ကောင်းမွန်အောင် တိုးမြှင့် ကြိုးပမ်းနိုင်သည့် အဖိုးတန် အခြေခံ အချက်တစ်ခုဖြစ်သည်။ ဖြစ်နိုင်သည့်အခါတိုင်း လူသားချင်းစာနာမှု အဖွဲ့အစည်းတို့သည် အရေးပေါ် တုံ့ပြန်မှု လုပ်ငန်းတို့တွင် ဒေသခံ အင်အားကို အဓိက အစိတ်အပိုင်းတစ်ခု အနေနှင့် ထည့်သွင်း ဆောင်ရွက်သင့်သည်။ ဘာသာစကား မတူညီမှု ယဉ်ကျေးမှု မတူညီမှု စသည့် အဟန့်အတားများကို ကျော်လွှားနိုင်ရပါမည်။

**www.globalhumanitarianplatform.org**